## ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်

ရန်ကင်းတောင်ခြေ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။

# “ထေရဝါဒဗုဒ္ဓဘာသာဝင်များ၏ ပါဏာတိပါတ ကျူးလွန်မှုကို လေ့လာသုံးသပ်ခြင်း”

အရှင်ဣန္ဒောဘာသ

အရှင်သုမန (ဗန်းမော်)

အရှင် ဣန္ဒောဘာသ
ashineaindaw09@gmail.com
09-766488468

အရှင်သုမန (ဗန်းမော်)
Vensumana62@gmail.com
09–793006200

# ထေရဝါဒဗုဒ္ဓဘာသာဝင်များ၏ ပါဏာတိပါတ ကျူးလွန်မှုကို

# လေ့လာသုံးသပ်ခြင်း


## စာတမ်းအနှစ်ချုပ်

ဤသုတေသနစာတမ်းသည် မြန်မာနိုင်ငံရှိ ထေရဝါဒဗုဒ္ဓဘာသာဝင်များ၏ နေ့စဉ်ဘဝတွင် ငါးပါးသီလ၏ ပထမသိက္ခာပုဒ်ဖြစ်သော "ပါဏာတိပါတ" (သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း)အပေါ် နားလည်သဘောပေါက်မှုနှင့် တိရစ္ဆာန်များကို သတ်ဖြတ်နေရခြင်း၏ အကြောင်းရင်းများကို အရေအတွက်ပြ စစ်တမ်းမေးခွန်းလွှာနှင့် အရည်အသွေးပြ လူတွေ့မေးမြန်းခြင်း နည်းလမ်းနှစ်ရပ်ကို ပေါင်းစပ်အသုံးပြု၍ လေ့လာဆန်းစစ်ထားခြင်း ဖြစ်ပါသည်။

တွေ့ရှိချက်များအရ ဗုဒ္ဓဘာသာဝင်အများစုသည် ပါဏာတိပါတ၏ သဘောတရားနှင့် ဆိုးကျိုးများကို သိရှိကြသော်လည်း နေ့စဉ်ဘဝတွင် မိမိတို့အား နာကျင်စေပြီး အနှောက်အယှက် ပေးသော အိမ်တွင်းပိုးမွှားများ (ခြင်၊ ယင်၊ ပုရွက်ဆိတ်) ကို သတ်ဖြတ်ခြင်းမှာ အများဆုံးဖြစ်နေသည်ကို တွေ့ရသည်။ ထို့ပြင် ဘာသာရေးနှင့် လူမှုရေးပွဲလမ်းသဘင်များတွင် ဧည့်ခံကျွေးမွေးရန် သားငါးသတ်ဖြတ်မှုများ ပြုလုပ်နေကြသော်လည်း ယင်းသို့ သတ်ဖြတ်ကျွေးမွေးခြင်းကိုမူ စာပေလာ အဆုံးအမများနှင့်အညီ (၁၀၀%) လက်မခံကြောင်း ထူးခြားစွာတွေ့ရှိရသည်။ ဤသုတေသနသည် ဗုဒ္ဓဘာသာဝင်တို့၏ ဓမ္မအသိနှင့် လက်တွေ့ကျင့်သုံးမှုအကြား ကွာခြားမှုများကို မီးမောင်းထိုးပြ ထားပြီး မြတ်ဗုဒ္ဓ၏အဆုံးအမများနှင့်အညီ အသိပညာပေးရန်နှင့် သဘာဝအတိုင်း အစားထိုးနှင်ထုတ် သည့် နည်းလမ်းများ ကျင့်သုံးရန် အကြံပြုထားပါသည်။

## ၁။ နိဒါန်း

မြန်မာနိုင်ငံတွင် လူဦးရေ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာဝင် အများဆုံးနေထိုင်သည့် နိုင်ငံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။[၁] နိုင်ငံတော်ဘာသာအဖြစ် တရားဝင် သတ်မှတ်မထားသော်လည်း ယနေ့ထိတိုင် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသောနိုင်ငံဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများနှင့်တိရစ္ဆာန်များ ပေါကြွယ်ဝသည့် နိုင်ငံလည်း ဖြစ်ပါသည်။ ယနေ့ခေတ်တိုင် မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်အများစုသည် ငါးပါးသီလ၏ ပထမသိက္ခာပုဒ်ဖြစ်သော "ပါဏာတိပါတ" ကို ငယ်စဉ်ကတည်းက ရင်းနှီးကျွမ်းဝင်ကြသော်လည်း လက်တွေ့ဘဝတွင် လူမှုစီးပွားရေးအရ တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း သို့မဟုတ် သတ်ဖြတ်မှုအပေါ် မှီခိုနေရခြင်းများနှင့် ရင်ဆိုင်နေရသည်။

ဗုဒ္ဓဘာသာ အယူအဆအရ သတ္တဝါအားလုံးတို့၏အသက်သည် တန်ဖိုးတူညီပြီး မေတ္တာ၊ ကရုဏာ ထားရှိရမည်ဖြစ်သော်လည်း ယနေ့ခေတ် လူ့အဖွဲ့အစည်းတွင် ဓမ္မအသိပညာအားနည်းမှု၊ မိရိုးဖလာအရ ဘာသာရေးကိုးကွယ်မှု၊ စီးပွားရေးနှင့် နေ့စဉ်အသက်မွေးဝမ်းကျောင်း လိုအပ်ချက်များကြောင့် ပါဏာတိပါတကျူးလွန်မှုများ ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် ဤသုတေသနသည် ပိဋကတ်စာပေလာ မြတ်စွာဘုရား၏ အဆုံးမများနှင့် လက်တွေ့ ပြုမူဆောင်ရွက်ချက်များအကြား ကွာဟချက်ကို ရှာဖွေဖော်ထုတ်ရန် စတင်ခဲ့ခြင်းဖြစ်ပါသည်။

ဤစာတမ်းကိုပြုစုရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပါဏာတိပါတသိက္ခာပုဒ်ကို လူအများ စောင့်ထိန်းရမည်ကို သိရှိထားသော်လည်း မည်သည့်အကြောင်းကိစ္စများကြောင့် တိရစ္ဆာန်များကို သတ်ဖြတ်နေကြသည်ကို ရှာဖွေရန်ဖြစ်ပြီး အောက်ပါ သုတေသနရည်မှန်း ချက် (၃) ချက်ဖြင့် သုတေသနပြုလုပ်ထားခဲ့ပါသည်။

---

[၁] ပညိန္ဒာဘိဝံသ ၊ အရှင်၊ မြန်မာနိုင်ငံထေရဝါဒ ဗုဒ္ဓဘာသာစစ်တမ်း။

၁။ ထေရဝါဒဗုဒ္ဓဘာသာဝင်များက ပါဏာတိပါတသိက္ခာပုဒ်ကို မည်ကဲ့သို့နားလည်ထားသည်ကို လေ့လာရန်။

၂။ ဗုဒ္ဓဘာသာဝင်များ ပါဏာတိပါတသိက္ခာပုဒ် ကျူးလွန်ခြင်း၏ ဆိုးကျိုးများကို သိသော်လည်းပဲ တိရစ္ဆာန်များ သတ်ဖြတ်နေရခြင်း အကြောင်းတရားများကို ရှာဖွေရန်။

၃။ တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းများအပေါ် ဗုဒ္ဓဘာသာဝင်တို့၏ အမြင်များကို လေ့လာရန်။

## ၂။ စာပေသုံးသပ်ချက်

ခုဒ္ဒကနိကာယ်၌ ပါဏာတိပါတသည် ပါဏနှင့်အတိပါတ စကားနှစ်ရပ်ကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ပါဏ - သက်ရှိ သတ္တဝါအသက်ကို၊ အတိပါတ - လျင်မြန်စွာ ကျစေခြင်း၊ သေစေခြင်း၊ ပါဏာတိပါတ - သတ္တဝါအသက်ကို လျှင်မြန်စွာကျစေခြင်း သေစေခြင်း ဖြစ်ပါသည်။[၂] ထို့ကြောင့် သတ္တဝါတို့ကို သဘာဝအတိုင်း သက်တမ်းစေ့နေပြီး သေချိန်ကျအောင် မနေစေဘဲ အလျင်အမြန် သေစေခြင်းကို ပါဏာတိပါတသိက္ခာပုဒ်အရ သူ့အသက် သတ်သည်ဟုလည်း ဆိုလိုပါသည်။

ထို့ကြောင့် ပါဏာတိပါတ၏အဓိပ္ပာယ်မှာ ပါဏသည် ယေဘုယျအားဖြင့် အသက်ဟု အဓိပ္ပာယ် ဖွင့်ဆိုခြင်း ဖြစ်ပါသည်။ ‘ပါဏ’ ကို ‘အတိပါတ’ ဟူသောစကားလုံးနှင့် တွဲထားသောကြောင့် ပါဏာတိပါတသိက္ခာပုဒ်သည် သက်ရှိသတ္တဝါများကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်းဟု လူများနား လည်အောင်ပြန်ဆိုရမည် ဖြစ်ပါသည်။ သို့သော် မဇ္ဈိမနိကာယ်၊ ဝေရဉ္စက သုတ်၌ ပါဏာတိပါတသည် သနားကြင်နာမှုမရှိခြင်း၊ သက်ရှိသတ္တဝါကို သတ်ဖြတ်ခြင်း၊ ကြမ်းကြုတ်ပြီး လက်များတွင် သွေးစွန်း ထင်းကာ သက်ရှိများကို ညှဉ်းပန်း နှိပ်စက်ခြင်း၌ နှစ်သက်သူဟုလည်း ဆိုပါသည်။ [၃]

ထိုပါဏာတိပါတ၏ အဓိပ္ပါယ်ကို လူအများနားလည်လွယ်ကူစေရန် ရည်ရွယ်၍ ခေတ်ပညာ ရှင်များသည်လည်း လူတို့၏အမြင်နှင့် ခေတ်အခြေအနေများအပေါ် အခြေခံကာ အသီးသီး အဓိပ္ပါယ်

[၂] ပဋိသံ၊ ၄ ၊၁ ၊ နှာ ၂၀၃။
[၃] မ ၊ ၁၊ နှာ ၃၆၂။

ဖွင့်ဆိုချက်များကို တင်ပြလာကြသည်။ အဓိပ္ပါယ်ဖွင့်ဆိုသည့် ခေတ်ပညာရှင်များတွင် ဆရာတော် ဦးဇနကာဘိဝံသသည် ပါဏာတိပါတအရ သူတစ်ပါးအသက် သတ်ခြင်း၌ လူ၏အသက်ချည်းသာမက အသက်ရှိသော ကြမ်ပိုး၊ သန်းဥ၊ ခရု၊ ကျွဲ၊ နွား စသည့် တိရစ္ဆာန် အမျိုးမျိုးတို့၏အသက်ကို သတ်ခြင်း သည်လည်း အပြစ်ရှိသည်ဟု လူများနားလည်လွယ်စေရန် ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ [၆]

ထို့ကြောင့် အကျဉ်းအားဖြင့် ချုပ်ကြည့်မည်ဆိုလျှင် ပါဏာတိပါတဆိုသည်မှာ "ပါဏ" (အသက်ရှင်သော သတ္တဝါ) ကို "အတိပါတ" (သေစေခြင်း၊ သတ်ဖြတ်ခြင်း) ဟု အဓိပ္ပါယ်ရပါသည်။

မဇ္ဈိမနိကာယ် သာလေယျကသုတ္တန်အရ တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းသာမက ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်စေခြင်းသည်ပါ ပါဏာတိပါတတွင် အကျုံးဝင်ပါသည်။ ပါဏာတိပါတ ကံ မြောက်စေရန်အတွက် အောက်ပါ အင်္ဂါ (၅) ပါးနှင့် ပြည့်စုံရမည်ဖြစ်သည်။

၁။ ပါဏော - အသက်ရှိသော သတ္တဝါ ဖြစ်ခြင်း။

၂။ ပါဏသညိတာ - အသက်ရှိသည်ဟုလည်း သိခြင်း။

၃။ ဝဓကစိတ္တံ - သတ်လို သေစေလိုသော စေတနာစိတ်ရှိခြင်း။

၄။ ဥပက္ကမော - သေအောင် လုံ့လပြုခြင်း။

၅။ တေန မရဏံ - ထိုလုံ့လကြောင့် သတ္တဝါသေခြင်း။ [၇]

**ကံ၊ ကံ၏အကျိုးနှင့် ပါဏာတိပါတ၏ ဆိုးကျိုးများ**

ထေရဝါဒဗုဒ္ဓစာပေများ၌ ပါဏာတိပါတကျူးလွန်းမှု ကံတရား၏အကျိုးပေးပုံ သာဓကများစွာ ရှိပါသည်။ ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ချက်အရ လူတို့သည် မိမိလုပ်ခဲ့သော ကံသည် မိမိသည်သာ ပြန်ရခြင်းဖြစ်ပါသည်။ "ကောင်းမှုကို ပြုလုပ်သူသည် ကောင်းသောအကျိုးကို ခံစားရ၏။

---

[၆] ဇနကာဘိဝံသ၊ ဦး၊ ရတနာ့ဂုဏ်ရည် ၊ နှာ ၂၀၂။

[၇] အဘိ၊ ဋ္ဌ၊ ၁၊ နှာ ၁၄၀။

မကောင်းမှုကို ပြုလုပ်သူသည် မကောင်းသောအကျိုးကို ခံစားရ၏ သူတစ်ပါး၏အသက်ကို မသတ်ခြင်းကြောင့် လူ့ပြည်စသော သုဂတိဘဝသို့ ရောက်ရလေ၏။ [၆] လူပြန်ဖြစ်သော အခါတွင်လည်း အနာရောဂါကင်း၍ အသက်ရှည်ခြင်းစသည်တို့နှင့် ပြည့်စုံရလေ၏။ ယင်းတို့ကို ရည်ရွယ်၍ ဆရာတော် အရှင်ဇနကာဘိဝံသည် "ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့တတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ချို့ယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်အသတ်ခံရာ၊ အနာများ လျက်၊ ခြွေရံပျက်၍၊ အသက်တိုလျှ၊ ပြစ်များစွာသည် ရှောင်ကအပြန် အကျိုးတည်း" [၇]

ထိုသို့ဖြစ်သောကြောင့် လူတစ်ယောက်သည် တိရစ္ဆာန်အသက်ကို သတ်မည်ဆိုလျှင် တိရစ္ဆာန် တစ်ကောင်ကောင်းအား ညှင်းပန်းနှိက်စက်ခြင်းများ လုပ်မည်ဆိုလျှင် ယခုဘဝမှာလည်း ၎င်းဆင်းရဲ ဒုက္ခမျိုး ပြုလုပ်သူထံ ပြန်ရောက်လာတတ်ပါသည်။ သေလွန်သောအခါ ငရဲဘုံ၌ဖြစ်ရပြီး လူ့ဘဝသို့ ပြန်လည်ရောက်ရှိပါကလည်း ဘဝဆက်တိုင်းတွင် အသက်တိုခြင်း၊ ဘေးဥပါဒ် ရောဂါများပြားခြင်း၊ ချစ်ခင်ရသူများနှင့် ခွဲခွာရခြင်း စသည့် အကျိုးဆက်များကို ခံစားရစေပါသည်။

ဗုဒ္ဓဘာသာတွင် ဥပါသကာတစ်ဦး မလုပ်အပ်သော မိစ္ဆာဇီဝ ကုန်သွယ်မှု (၅) ပါးတွင် "မံသဝဏိဇ္ဇာ" (သတ္တဝါတို့ကို သတ်ဖြတ်၍ သားငါးရောင်းချခြင်း) နှင့် "သတ္တဝဏိဇ္ဇ" (သတ္တဝါတို့ကို ရောင်းဝယ်ခြင်း) ပါဝင်သဖြင့် ယင်းဖြင့် အသက်မွေးခြင်းကို ရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည်။[၈] ထို့ပြင် နေတ္တိပ္ပကရဏအဋ္ဌကထာတွင် ဘာသာရေးနှင့် လူမှုရေးပွဲများတွင် သားငါးများ သတ်ဖြတ်၍ လှူဒါန်းခြင်းသည် စစ်မှန်သော "အလှူ" အဖြစ်သို့ မဝင်သည့်အပြင် ပေးလှူသူပါ အပါယ်ကျနိုင် ကြောင်း သတိပေးထားပါသည်။

[၆] သံ၊ ၁၊ သမုဒ္ဒကသုတ္တ၊ နာ ၂၂၉။
[၇] ဇနကာဘိဝံသ၊ အရှင်၊ ဂုဏ်ရည်၊ နာ ၂၀၅။
[၈] အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ဝါဏိဇ္ဇသုတ္တ

## ၃။ သုတေသနနည်းလမ်း

ဤသုတေသနသည် အရေအတွက်ပြ (Quantitative) နှင့် အရည်အသွေးပြ (Qualitative) နှစ်ရပ်စလုံးကို ပေါင်းစပ်ထားသော (Mixed-Methods Research Design) ဖြစ်ပါသည်။ အရေအတွက်ပြ စစ်တမ်းမေးခွန်းလွှာဖြင့် ဗုဒ္ဓဘာသာဝင် ဦးရေ (၂၀၀) အသီးသီးထံတို့မှ ဒေတာများကို ကောက်ယူခဲ့ပါသည်။ ထို့ပြင် တိကျသော ဒေတာများရရှိဖို့ရန် အရည်အသွေးပြ အင်တာဗျူး လူတွေ့မေးမြန်းခြင်း နည်းလမ်းဖြင့်လည်း ကောက်ယူခဲ့ပါသည်။

ကောက်ယူရရှိလာသော အချက်အလက်များကို Microsoft Excel ဆော့ဖ်ဝဲလ် အသုံးပြု၍ ကိန်းဂဏန်းဆိုင်ရာ တွက်ချက်မှုများ ပြုလုပ်ကာ သုတေသနရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဇယားများ၊ ရာခိုင်နှုန်းများဖြင့် စနစ်တကျ ခွဲခြမ်းစိတ်ဖြာခဲ့ပါသည်။

## ၄။ ရလဒ်များနှင့် ဆွေးနွေးချက်များ

### ရည်မှန်းချက် ( ၁ ) တွေ့ရှိချက်နှင့် ဆွေးနွေးချက်

စစ်တမ်းရလဒ်များနှင့် အင်တာဗျူးအဖြေရလဒ်များအရ ယနေ့ခေတ်ဗုဒ္ဓဘာသာဝင်တို့သည် တိရစ္ဆာန်သတ်ခြင်းသည် ပါဏာတိပါတကံထိုက်သည်ကို အကြမ်းအားဖြင့်သာသိကြ၍ သို့သော်လည်း မည်ကဲ့သို့သောအခြေနေမျိုးမှာ တိရစ္ဆာန်ကို သတ်မိခြင်းများသည် ပါဏာတိပါတ ကံ ထိုက်ခြင်း မထိုက်ခြင်းကို တိကျသေချာစွာ မသိနားမလည်ကြသည်ကို တွေ့ရှိရပါသည်။ သို့သော် မည်ကဲ့သို့ အခြေနေများတွင် တိရစ္ဆာန်တစ်ကောင်ကို သတ်မိခြင်းသည် ပါဏာတိပါတကံ ထိုက်ခြင်း မထိုက်ခြင်း ကို တိကျသေချာစွာ မသိနားမလည်ကြသော်လည်း လေ့လာသင်ယူထားဖူးသော ဗဟုသုတများ အပေါ်အခြေခံခြင်း ဥပမာအားဖြင့် အချို့သောပုဂ္ဂိုလ်များသည် တရားဓမ္မများကို နာယူကြခြင်း၊ ဘာသာရေးစာပေများကို ဖတ်ကြခြင်းတို့ကြောင့် လုံးဝ မသိနားမလည်ကြသည်တော့ မဟုတ်ပါ။ ဗုဒ္ဓဘာသာတွင် ကိုးကွယ်သူများသည် ဘာသာရေးအသိ နည်းပါးလာခြင်းနှင့် ကိုးကွယ်ခံသူများသည် တိရစ္ဆာန်သတ်ခြင်းနှင့် ပတ်သက်သော အကြောင်းတရားများကို ဟောကြားမှု အားနည်းသောကြောင့်

မည်ကဲ့သို့အခြေနေများတွင် တိရစ္ဆာန်တစ်ကောင်ကို သတ်မိခြင်းသည် ပါဏာတိပါတကံထိုက်ခြင်း မထိုက်ခြင်းကို တိကျသေချာစွာ နားမလည်ဘဲ ပါဏာတိပါတ အဓိပ္ပါယ်ကို ထိုက်သင့်သလောက်သာ နားလည်ကြပြီး ဗုဒ္ဓဘာသာဝင်များကြားတွင် အယူအဆ ကွဲပြားမှုများ ရှိနေသည်ကိုလည်း တွေ့ရပါသည်။

**ရည်မှန်းချက် ( ၂ ) တွေ့ရှိချက်ဇယား**

**အတွေ့များဆုံးပြ ဇယား**

| စဉ် | အကြောင်းအရာ | စစ်တမ်း ရာခိုင်နှုန်း | အင်တာဗျူးရာခိုင်နှုန်း |
|---|---|---|---|
| ၁ | အနှောက်အယှက်ပေးသော ပိုးမွှားသတ်ခြင်း | ၉၄.၉ | ၈၀ * |
| ၂ | တိရစ္ဆာန်သတ်ဖြတ်၍ စီးပွားရှာခြင်း | ၈၈.၇ | ၈၀/၁၀/၁၀ |
| ၃ | ဝါသနာအရ ငါးမျှား/ငှက်ပစ်ခြင်း | ၇၇.၅ | ၄၀ |
| ၄ | ဘာသာရေးအကြောင်းရင်းများ | ၇၃ | ၈၀/၁၀/၁၀ ** |
| ၅ | လူမှုရေးပွဲများအတွက် သတ်ခြင်း | ၇၂.၅ | ** |
| ၆ | မိမိတို့ကိုရန်ပြုနေသည့်တိရစ္ဆာန်များကိုသတ်ဖြတ်ခြင်း | ၆၆.၅ | * |
| ၇ | အန္တရာယ်ရှိသည့်တိရစ္ဆာန်များ သတ်ဖြတ်ခြင်းကို | ၆၂.၅ | ၂၀ * |

မှတ်ချက်။ * ပြထားခြင်းသည် အင်တာဗျူးမေးသည့်အခါ မေးခွန်းတူရာပေါင်း၍ မေးမြန်းထားခြင်းကို ဆိုလိုပါသည်။

**အတွေ့နည်းဆုံးပြ ဇယား**

| စဉ် | အကြောင်းအရာ | စစ်တမ်း ရာခိုင်နှုန်း | အင်တာဗျူး ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ဝယ်ယူစားသုံးရန် မလွယ်၍ သတ်စားခြင်း | ၄၄ | ၄၀ |
| ၂ | ရိုးရာအလှူပွဲများတွင်တိရစ္ဆာန်မသတ်ပါကအလှူမပြည့်စုံ ဟု ယူဆချက်များကြောင့် သတ်ဖြတ်ခြင်း | ၅၀ | ၀ |
| ၃ | ယဇ်ပူဇော်ခြင်း၊ နတ်ပူဇော်ပသခြင်း၊ ခေါ်စာပစ်ခြင်း၊ ယတြာချေခြင်းများကြောင့်တိရစ္ဆာန်သတ်ဖြတ်နေကြခြင်း | ၅၅.၅ | ၄၀ |
| ၄ | ရောဂါဖြစ်နေသည့် တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း | ၅၅ | ၈၀ |

**ရည်မှန်းချက် ( ၂ ) ဆွေးနွေးချက်**

စစ်တမ်းဒေတာအရ ခြင်၊ ယင်၊ ပုရွက်ဆိတ်ကဲ့သိုသော မိမိကိုနာကျင်စေသည့် တိရစ္ဆာန်ငယ်များကို သတ်ဖြတ်မှုသည် အများဆုံး ဖြစ်နေသော်လည်း၊ လူတွေ့မေးမြန်းခြင်း ဒေတာတွင် လူမှုရေး၊ ဘာသာရေး ရိုးရာပွဲလမ်းသဘင်များ၌ ဧည့်ခံကျွေးမွေးရန်အတွက် သတ်ဖြတ်ခြင်းသည် အများဆုံးအဖြစ်ဖြင့် တွေ့ရသည်။ ထိုကဲ့သို့ ကွဲပြားရခြင်းအချက်သည် စစ်တမ်းဒေတာအရ ဗုဒ္ဓဘာသာဝင်များ နေ့စဉ်ဘဝတွင် ခြင်၊ ယင်၊ ပုရွက်ဆိတ် ကဲ့သိုသော သတ္တဝါငယ်များကို အမှုမဲ့ အမှတ်မဲ့ သတ်ဖြတ်မိနေသကဲ့သို၊ လူတွေ့မေးမြန်းချက် ဒေတာအရ ပွဲလမ်းသဘင်နှင့် ဓလေ့ထုံးတမ်းများ ရှိလာပါကလည်း မိမိကိုယ်ကျိုး ဂုဏ်ပကာသနရှိခြင်းနှင့် မိရိုးဖလာ အစဉ်အလာများကြောင့် ပါဏာတိပါတကံကို ကျူးလွန်ရန် ပိုမိုဝန်လေးခြင်းမရှိဘဲ လွယ်လင့်တကူ ကျူးလွန်ကြကြောင်း ဒေတာအချက်လက် များအရ သုံးသပ်တွေ့ရှိရသည်။

**ရည်မှန်းချက် ( ၃ ) တွေ့ရှိချက်နှင့် ဆွေးနွေးချက်**

ရည်မှန်းချက် ( ၂ ) တွေ့ရှိချက် အတွေ့များဆုံးပြ ဇယား၌ မိမိတို့ကို နာကျင်အောင် ပြုလုပ်သည့် အနှောက်အယှက် ပေးသည့် တိရစ္ဆာန်များကို သတ်ခြင်းသည် လူများ၏ အမြင်မှာလည်း (၆၈%) ရာခိုင်နှုန်းက သတ်ဖြတ်သင့်သည်ဟု လက်ခံကြသည်ကို တွေ့ရပါသည်။

ထို့ပြင် ဆဋ္ဌမ အတွေ့အများဆုံးဖြစ်သည့် မိမိတို့ကိုရန်ပြုနေသည့် တိရစ္ဆာန်များကို သတ်ခြင်းကိုလည်း (၈၀.၅%) ရာခိုင်နှုန်း သတ်ဖြတ်သင့်သည်ဟု လက်ခံကြသည်ကို တွေ့ရပါသည်။

ထို့ပြင် သတ္တမ အတွေ့အများဆုံးဖြစ်သည့် အန္တရာယ်ရှိသည့် တိရစ္ဆာန်များကို သတ်ခြင်း (၇၄.၅%) ရာခိုင်နှုန်း သတ်ဖြတ်သင့်သည်ဟု လက်ခံကြသည်ကို တွေ့ရပါသည်။

အခြားသော တိရစ္ဆာန်သတ်ဖြတ်ခြင်းများနှင့်ပတ်သက်၍ လူများ၏အမြင်တွင် သတ်ဖြတ်ခြင်းကို အများပြား မတွေ့ရပါ၊ ထို့အပြင် အများပြားလက်မခံကြသည်ကို စစ်တမ်းဒေတာများအရ တွေ့ရှိရပါသည်။

အင်တာဗျူးဒေတာများအရ ဗုဒ္ဓဘာသာဝင်များသည် တိရစ္ဆာန်များကို အများဆုံး သတ်ဖြတ်မှု ပြုလုပ်နေကြသော ကထိန်ပွဲ၊ ရှင်ပြုပွဲ၊ ဘုရားပွဲ စသည့် ဘာသာရေးပွဲများနှင့် မွေးနေ့၊ မင်္ဂလာဆောင် စသည့် လူမှုရေးပွဲများမှာ ဧည့်ခံကျွေးမွေးဖို့အတွက်ကြောင့် တိရစ္ဆာန်များ သတ်ဖြတ်မှု ပြုလုပ်နေခြင်းကို လူများ၏ အမြင်တွင် (၁၀၀%) ရာခိုင်နှုန်းက လက်မခံကြသည်ကို တွေ့ရပါသည်။ ထို့ပြင် ဒုတိယ အတွေ့အများ ဆုံးဖြစ်သည့် မိမိတို့ကို နာကျင်အောင် ပြုလုပ်သည့် အနှောက်အယှက် ပေးသည့် ( ဥပမာ - ခြင်၊ ယင်၊ ပုရွက်ဆိတ်၊ ခြ)၊ တိရစ္ဆာန်များကို သတ်လေ့ရှိပြီး (၇၀%) ရာခိုင်နှုန်းက သတ်ဖြတ်သင့်သည်ဟု လက်ခံကြသည်ကို တွေ့ရပါသည်။ တတိယ အတွေ့အများဆုံး ဖြစ်သည့် တိရစ္ဆာန်သတ်ဖြတ်၍ စီးပွားရှာခြင်းများကြောင့် တိရစ္ဆာန်သတ်ခြင်းများကို (၆၀%) ရာခိုင်နှုန်းက လက်မခံကြသည်ကို တွေ့ရပါသည်။ အခြားသော သတ်ဖြတ်ခံရသည့် တိရစ္ဆာန်များနှင့်ပတ်သက်၍ အနည်းငယ်တွေ့ရသော်လည်း အများပြားသတ်ခြင်းကို မတွေ့ရဘဲ၊ ထိုအကြောင်းတရားများကြောင့်

လူများ၏အမြင်တွင် အများစုက လက်မခံကြသည်ကို လူတွေ့မေးမြန်းချက် ဒေတာများအရ တွေ့ရှိရပါသည်။

**ဆွေးနွေးချက်**

အင်တာဗျူးတွင် ပွဲလမ်းသဘင်များအတွက် တိရစ္ဆာန်သတ်ခြင်းသည် အမှန်တကယ် ကျူးလွန်မှု အများဆုံး (၉၀%) ရာခိုင်နှုန်း ဖြစ်နေသော်လည်း၊ လူသားတို့၏ အမြင်သဘောထားတွင်မူ ယင်းသို့ သတ်ဖြတ်ခြင်းကို စစ်တမ်းဒေတအရ (၈၄%) ရာခိုင်နှုန်း၊ လူတွေ့မေးမြန်းမှု ဒေတာအရ (၁၀၀%) ရာခိုင်နှုန်းက လုံးဝလက်မခံဘဲ ကန့်ကွက်ကြသည်။ ထိုသို့ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်များသည် ပွဲလမ်းသဘင်များတွင် တိရစ္ဆာန်များကို သတ်ဖြတ်ဧည့်ခံခြင်းသည် အကုသိုလ်ဖြစ်ပြီး မလုပ်သင့်သော အမှုဖြစ်ကြောင်း ကောင်းစွာ နားလည်သဘောပေါက်ကြသော်လည်း၊ လူမှုရေး ပတ်ဝန်းကျင်၏ ဖိအားနှင့် မှားယွင်းသော အယူဆ ဓလေ့ထုံးတမ်းများကြောင့် လက်တွေ့တွင် တိရစ္ဆာန်သတ်ခြင်းများကို မရှောင်လွှဲနိုင်ဘဲ ကျူးလွန်နေကြရခြင်းဖြစ်သည်။ ထို့အပြင် အခြားသော တိရစ္ဆာန်သတ်ခြင်း အကြောင်းများဖြစ်ကြသည့် မိမိကိုရန်ပြုလာသော သို့မဟုတ် အနှောက်အယှက်ပေးသော သတ္တဝါများကို သတ်ဖြတ်ခြင်းကိုမူ မိမိကိုယ်ကိုကာကွယ်လိုသည့် အကြောင်းပြချက်ကြောင့် တိရစ္ဆာန်သတ်ခြင်းသည် ပါဏာတိပါတ ကံ ထိုက်သော်လည်း သတ်ဖြတ်သင့်သည်ဟု အမြင်ပိုင်းတွင်ပါ လက်ခံထား ကြကြောင်း ဒေတာများအရ တွေ့ရှိရသည်။

**၅။ နိဂုံးချုပ်**

ဤသုတေသနသည် ထေရဝါဒဗုဒ္ဓဘာသာဝင်များအကြား ပါဏာတိပါတ သိက္ခာပုဒ်အပေါ် နားလည်ထားပုံနှင့် လက်တွေ့ဘဝ ကျင့်သုံးမှုအကြားမှ ကွာဟချက်များကို လေ့လာ ဖော်ထုတ်နိုင်ခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်တို့သည် ငါးပါးသီလ၏ ပါဏာတိပါတ အဓိပ္ပါယ်သဘောတရားကို အခြေခံအားဖြင့် လက်ခံထားကြသော်လည်း အိမ်တွင်းပိုးမွှား အန္တရာယ်နှင့် ရိုးရာပွဲလမ်းသဘင် ကျွေးမွေးမှုများတွင် ပါဏာတိပါတကံကို ဆက်လက်ကျူးလွန်နေကြဆဲ ဖြစ်ပါသည်။

**သက်ရောက်မှုများနှင့် အကြံပြုချက်များ**

ဗုဒ္ဓဘာသာစာပေလာ ပညတ်ချက်များနှင့် လက်တွေ့လူမှုအဖွဲ့အစည်း၏ ကျင့်ဝတ်ကျဆင်းမှု ပုံစံများကို ပညာရပ်ဆိုင်ရာ နှိုင်းယှဉ်ချက်အဖြစ် မီးမောင်းထိုးပြနိုင်ခဲ့သည်။

ထို့ပြင် သားငါးသတ်ဖြတ်၍ လှူဒါန်းခြင်းသည် အပါယ်ကျနိုင်ကြောင်း ဓမ္မအသိပညာပေးရန် လိုအပ်နေမှုနှင့် အိမ်တွင်းပိုးမွှားများကို သတ်ဖြတ်မည့်အစား သဘာဝအတိုင်း နှင်ထုတ်သည့် နည်းလမ်းများ သုံးစွဲရန် လိုအပ်ကြောင်း ထောက်ပြနိုင်ခဲ့သည်။

၁။ ဓမ္မအသိပညာပေးရေး အကြံပြုချက်

ဘာသာရေးပွဲများတွင် သားငါးသတ်ဖြတ်၍ လှူဒါန်းခြင်းသည် စစ်မှန်သော ကုသိုလ် မဖြောက်ဘဲ အပါယ်ကျနိုင်ကြောင်း အင်္ဂုတ္တရနိကာယ်၌ မြတ်စွာဘုရား၏ အဆုံးအမများကို ဗုဒ္ဓဘာသာဝင်များ သိရှိနိုင်ရန် တာဝန်ရှိသူများသည် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးသင့်ပါသည်။

၂။ အစားထိုး နည်းလမ်းများ သုံးစွဲရေးအကြံပြုချက်

နေအိမ်များတွင် ပိုးမွှားများကို အဆိပ်ခတ်သတ်ဖြတ်ခြင်းထက် သဘာဝအနံ့အသက်သုံး၍ နှင်ထုတ်ခြင်း စသည့် ပါဏာတိပါတ ကံ မမြောက်သော အစားထိုးနည်းလမ်းများကို လက်တွေ့ ပြောင်းလဲသုံးစွဲသင့်ပါသည်။

၃။ နောင်သုတေသနများအတွက်အကြံပြုချက်

ရိုးရာဓလေ့များအရ သားငါးသတ်ဖြတ်၍ အလှူအတန်းပြုလုပ်နေခြင်းများကို လျှော့ချနိုင်ရေး အတွက် နောင်ပြုလုပ်မည့် သုတေသနများသည် မိစ္ဆာဇီဝမှ သမ္မာဇီဝသို့ ပြောင်းလဲနိုင်ရေး စီးပွားရေး စိန်ခေါ်မှုများကို ကူညီဖြေရှင်းပေးသည့် သုတေသနစာတမ်းများ ထပ်မံပြုလုပ်သင့်ပါသည်။

**ကျမ်းကိုးစာရင်း**

၁။ အရှင်ပညိန္ဒာဘိဝံသ (ပထမကျော်၊ ဘီအေ) “မြန်မာနိုင်ငံထေရဝါဒဗုဒ္ဓဘာသာသာစစ်တမ်း၊ ရန်ကုန်၊ ရွှေပုရပိုက်စာပေ (၁၇၅၈၁)၊ တတိယအကြိမ်။

၂။ ခုဒ္ဒကနိကာယ၊ ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ(ပ) ၊ မဟာဝဂ်၊ သီလမယဉာဏနိဒ္ဒေသဝဏ္ဏနာ၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၂၀၀၆။

၃။ မဇ္ဈိမနိကာယ ၊ မူလပဏ္ဏာသပါဠိ၊ စူဋယမကတဂ္ဂ၊ ဝေရဉ္စကသုတ္တ ၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၂၀၀၆။

၄။ ဦးဇနကာဘိဝံသ၊ ရတနာ့ဂုဏ်ရည်၊ ဦးခင်မောင်စိုး ( ၀၄၅၄၇) ၊ ရွှေမြိုင်ပုံနှိပ်တိုက် ၊၁၉၉၇ ခုနှစ်

၅။  ခုဒ္ဒကနိကာယ၊ ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ စိတ္တုပ္ပါဒကဏ္ဍ၊ အကုသလကမ္မပထကထာ၊၁၄၀

ရန်ကုန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၂၀၀၆။

၆။ သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တပါဠိ၊ ပဌမဝဂ်၊ သမုဒ္ဒကသုတ္တံ၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၂၀၀၆။

၇။ ဦးဇနကာဘိဝံသ၊ ရတနာ့ဂုဏ်ရည်၊ ဦးခင်မောင်စိုး ( ၀၄၅၄၇) ၊ ရွှေမြိုင်ပုံနှိပ်တိုက် ၊၁၉၉၇ ခုနှစ်

၈။ အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတပါဠိ၊ ဥပါသကဝဂ္ဂ၊ ဝဏိဇ္ဇာသုတ္တံ၊ ရန်ကုန်၊ သာသနာရေးဦးစီး ဌာန၊ ၂၀၀၅။